# မူကြိုအရွယ်ကလေးများ
# သင်ကြားလေ့ကျင့်ခြင်း၏
# အကျိုးသက်ရောက်မှုကိုလေ့လာဆန်းစစ်ခြင်း

တနင်္သာရီတိုင်းဒေသကြီး
မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့

ALLPPT.com _ Free PowerPoint Templates, Diagrams and Charts

# နိဒါန်း (Introduction)

ဤသုတေသနသည် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်ရှိ မူကြိုအရွယ်ကလေးငယ်များ သင်ကြားလေ့ကျင့်ခြင်း၏ အကျိုးသက်ရောက်မှုကို လေ့လာဆန်းစစ်သော သုတေသနစာတမ်းဖြစ်ပါသည်။

# Conceptual Frame

ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးချဲ့ရင်းနှီးမြှုပ်နှံခြင်း

မူလတန်းကျောင်းများတွင် ကူးပြောင်းသင်ယူမှု အတွက် အဆင်သင့်ဖြစ်စေခြင်း

ကလေးငယ်များ၏ ပျော်ရွှင်ခြင်း၊ ကျန်းမာခြင်း၊ အာဟာရပြည့်ဝခြင်း၊ ပေါင်းသင်း ဆက်ဆံရေး ကောင်းခြင်း၊ စိတ်ဓါတ်ကြံ့ခိုင်ခြင်း၊ လုံခြုံမှုရှိခြင်း

အသက်လွန်မှ မူလတန်းကျောင်းဝင်မှု၊ အတန်းထပ်ကျော့မှု၊ အချိန်မတိုင်မီ ကျောင်းထွက်မှုနှုန်းတို့ လျော့နည်းစေခြင်း

အချိန်မီကျောင်းပြီးဆုံးခြင်း၊ တစ်ဆင့်မြင့်သော ပညာရေးအဆင့်သို့ကူးပြောင်းခြင်း

အမျိုးသားစီးပွားရေးထုတ်လုပ်မှု တိုးတက်လာခြင်း

ပညာရေးစွမ်းဆောင်ရည်မပြည့်ဝမှုများ ကြောင့်ဖြစ်ပေါ်လာသော မြင့်မားသည့် ပညာရေးကုန်ကျစရိတ်များကို လျော့ချနိုင်ခြင်း


သုတေသနရည်မှန်းချက်

# ယေဘုယျရည်မှန်းချက် (General Objective)

မူကြိုအရွယ်ကလေးငယ်များအတွင်း လေ့ကျင့်သင်ကြားမှုနှင့်
အကျိုးသက်ရောက်မှုများကို သိရှိနိုင်ရန်

# ဝိသေသရည်မှန်းချက်များ (Specific objectives)

- ✓ မူကြိုကျောင်းများတွင် လေ့ကျင့်သင်ကြားပေးခြင်းဖြင့် ကလေးငယ်များ၏ လုပ်ဆောင်မှုစွမ်းရည် ပြောင်းလဲတိုးတက်မှုကို သိရှိနိုင်ရန်
- ✓ မြို့ပြနှင့် ကျေးလက်ဒေသအကြား မူကြိုကလေးငယ်များ၏ လုပ်ဆောင်မှုစွမ်းရည် ကွာခြားမှုကိုသိရှိနိုင်ရန်
- ✓ မူကြိုကလေးငယ်များအတွင်း မိန်းကလေးများနှင့် ယောကျ်ားလေးများ၏ လုပ်ဆောင်မှုစွမ်းရည် ကွာခြားမှုများကိုသိရှိနိုင်ရန်
- ✓ မူကြိုကျောင်းများ၏ သင်ကြားမှုအထောက်အကူပြု ပတ်ဝန်းကျင်အခြေအနေများ ကို သိရှိနိုင်ရန်

# လေ့လာသည့်နည်းစနစ် (Methodology)

(က) လေ့လာသည့်ပုံစံ(Study design)

Preschool based cross-sectional study design

(ခ) လေ့လာသည့်နေရာ (Study area)

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်ရှိ

မူလတန်းကြိုကျောင်းများ

# လေ့လာသည့်နည်းစနစ် (Methodology)

## (ဂ) လေ့လာသည့်အုပ်စု (Study population)

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ မူလတန်းကြိုကျောင်းများရှိ ကျောင်းသားများ

## (ဃ) လေ့လာသည့်ဦးရေ (Sample size)

ထားဝယ်နယ်မြို့နယ်ရှိ ကျဘမ်းရွေးချယ်ထားသော မူကြိုကျောင်း(၄)ကျောင်းတို့မှ မူကြိုကလေးငယ်အားလုံး စုစုပေါင်း (၁၀၁)ဦး

# လေ့လာသည့်နည်းစနစ် (Methodology)

(ဂ) သုတေသနအထောက်အကူများ (Instruments)

- မူကြိုကလေးငယ်များဖွံ့ဖြိုးမှု ဆန်းစစ်ခြင်းမေးခွန်းလွှာ
- သင်ကြားမှုအထောက်အကူပြု ကျောင်းပတ်ဝန်းကျင်အခြေအနေများ ဆန်းစစ်ခြင်းမေးခွန်းလွှာ

# လေ့လာသည့်နည်းစနစ် (Methodology)

## (စ) အချက်အလက်ကောက်ယူခြင်း (Data collection)

- ဆန်းစစ်ခြင်းမေးခွန်းလွှာပုံစံများပြုစုခြင်း
- Pretesting - လောင်းလုံးမြို့နယ်၊ ပြင်းထိန်ကျေးရွာ မူကြိုကျောင်း
- ထားဝယ်မြို့နယ်ရှိ မူလတန်းကြိုကျောင်း (၁၇)ကျောင်းအနက် မြို့ပေါ် (၂)ကျောင်းနှင့် ကျေးလက် (၂)ကျောင်းကို ကျဘမ်းစနစ်ဖြင့်ရွေးချယ်ခြင်း
- စစ်တမ်းကောက်ယူခြင်း - (၂၀၁၆)ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလ

# လေ့လာသည့်နည်းစနစ် (Methodology)

## (ဈ) အချက်အလက်များကိုခွဲခြမ်းစိတ်ဖြာခြင်း (Data analysis)

- SPSS software
- ဦးရေ (Frequency)၊ ရာခိုင်နှုန်း (Percentage)၊ ပျမ်းမျှကိန်း (Mean) များအသုံးပြု၍ ကိန်းဂဏန်းများ ဖော်ပြထားပါသည်။

## (ည) သုတေသနကျင့်ဝတ် (Ethical consideration)

- တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန၊ တိုင်းဒေသကြီးပညာရေးဦးစီးဌာန နှင့် မူကြိုကျောင်းအုပ်ချုပ်သူများထံမှ ခွင့်ပြုချက်ရယူခဲ့ပါသည်။
- သုတေသန၏ ရည်ရွယ်ချက်များ၊ သုတေသနတွင်ပါဝင်ခြင်းဖြင့် ရရှိလာနိုင်သည့် အကျိုးကျေးဇူးများကိုရှင်းလင်းပြောပြ၍ မူကြိုဆရာ၊ ဆရာမများထံမှ အသိပေးသဘောတူညီချက် (Informed consent) ရယူခဲ့ပါသည်။

# သုတေသနတွေ့ရှိချက်များ (Findings)

<u>မူကြိုကလေးငယ်များ၏အချက်အလက်များ</u>

| | လှူမှုဝန်ထမ်း | လင်းလက်ကြယ် | ပကာရီ | ကနိုင်းဒါ |
|---|---|---|---|---|
| ကျား | ၂၇ | ၁၉ | ၁၀ | ၁၀ |
| မ | ၁၀ | ၆ | ၉ | ၁၀ |
| စုစုပေါင်း | ၃၇ | ၂၅ | ၁၉ | ၂၀ |

# သုတေသနတွေ့ရှိချက်များ (Findings)



မူကြိုကလေးငယ်များ၏အသက်

# သုတေသနတွေ့ရှိချက်များ (Findings)



# သုတေသနတွေ့ရှိချက်များ (Findings)



# သုတေသနတွေ့ရှိချက်များ (Findings)



# သုတေသနတွေ့ရှိချက်များ (Findings)



# သုတေသနတွေ့ရှိချက်များ (Findings)

## မြို့ပြနှင့်ကျေးလက်အလိုက် မူကြိုကလေးငယ်များ၏ စိတ်လှုပ်ရှားမှုဖွံ့ဖြိုးမှု



# သုတေသနတွေ့ရှိချက်များ (Findings)



# သုတေသနတွေ့ရှိချက်များ (Findings)

## အသက်အရွယ်အလိုက် မူကြိုကလေးငယ်များ၏ စိတ်လှုပ်ရှားမှုဖွံ့ဖြိုးမှု



# သုတေသနတွေ့ရှိချက်များ (Findings)

## မူကြိုတက်သည့်ကာလအလိုက် မူကြိုကလေးငယ်များ၏ စိတ်လှုပ်ရှားမှု ဖွံ့ဖြိုးမှု



# သုတေသနတွေ့ရှိချက်များ (Findings)

## မြို့ပြနှင့်ကျေးလက်အလိုက် ကလေးငယ်များ၏ စည်းကမ်းလိုက်နာတတ်မှု



# သုတေသနတွေ့ရှိချက်များ (Findings)

## ကျား၊မ အလိုက် ကလေးငယ်များ၏ စည်းကမ်းလိုက်နာတတ်မှု



# သုတေသနတွေ့ရှိချက်များ (Findings)

အသက် အရွယ်အလိုက် မူကြိုကလေးငယ်များ၏ စည်းကမ်းလိုက်နာတတ်မှု



# သုတေသနတွေ့ရှိချက်များ (Findings)

## မူကြိုတက်သည့်ကာလအလိုက် ကလေးငယ်များ၏ စည်းကမ်းလိုက်နာတတ်မှု



# သုတေသနတွေ့ရှိချက်များ (Findings)

## မြို့ပြနှင့်ကျေးလက်အလိုက် ကလေးငယ်များ၏ ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု



# သုတေသနတွေ့ရှိချက်များ (Findings)

## ကျား၊မအလိုက် ကလေးငယ်များ၏ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု



# သုတေသနတွေ့ရှိချက်များ (Findings)

## အသက်အရွယ်အလိုက် ကလေးငယ်များ၏ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု



# သုတေသနတွေ့ရှိချက်များ (Findings)

## မူကြိုတက်သည့်ကာလအလိုက် ကလေးငယ်များ၏ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု



# သုတေသနတွေ့ရှိချက်များ (Findings)

မူလတန်းကြိုကျောင်းများ၏ သင်ကြားရေးအထောက်အကူပြု

အခြေခံပတ်ဝန်းကျင်ဆိုင်ရာပံပိုးမှုအခြေအနေများ

| | လူမှုဝန်ထမ်း | လင်းလက်ကြယ် | ပကာရီ | ကနိုင်းဒါ |
|---|---|---|---|---|
| ကျောင်းဖွဲ့စည်းမှုကောင်းမွန်မှု | ကောင်း | သင့် | သင့် | သင့် |
| ဆရာ၊ဆရာမအင်အားလုံလောက်မှု | သင့် | သင့် | သင့် | သင့် |
| အထောက်အကူပြုပစ္စည်းများပြည့်စုံမှု | ကောင်း | သင့် | ညံ့ | သင့် |
| ကျောင်းခြံဝန်းလုံလောက်စွာကျယ်ဝန်းမှု | ကောင်း | သင့် | ကောင်း | ကောင်း |
| အထောက်အပံ့ရရှိမှု | ကောင်း | သင့် | ညံ့ | ကောင်း |

# ကောက်နုတ်ချက်များနှင့်ဆွေးနွေးချက်များ (Discussions)

သုတေသနစစ်တမ်းအရ

မြို့ပြမှကလေးငယ်များသည် ကျေးလက်ဒေသမှ ကလေးငယ်များထက် ကျောင်းသင်ခန်းစာများဆောင်ရွက်နိုင်ခြင်းနှင့် အခက်အခဲကို မိမိဘာသာဖြေရှင်းနိုင်ခြင်းဆိုင်ရာသိမှုများမှာ ဖွံ့ဖြိုးတိုးတက်ခြင်းသည် မြို့ပြမူကြိုကျောင်းများ၏ သင်ကြားမှုအထောက်အကူပြုပတ်ဝန်းကျင် အခြေအနေများနှင့် ဆက်စပ်မှုရှိကြောင်းတွေ့ရှိရပါသည်။

# ကောက်နုတ်ချက်များနှင့်ဆွေးနွေးချက်များ (Discussions)

- ကျောင်းသင်ခန်းစာများကို ဆောင်ရွက်နိုင်ခြင်းနှင့် မိခင်ဘာသာစကားပြောဆိုမှု ကောင်းမွန်မှန်ကန်ခြင်းတို့တွင် မိန်းကလေးများက စွမ်းဆောင်ရည်ပိုမိုကောင်းမွန်ပြီး၊
- ယောကျာ်းလေးများသည် မိမိအခက်အခဲကိုမိမိဘာသာ ဖြေရှင်းနိုင်မှုတွင် မိန်းကလေးများထက် အားသာသည်ကိုတွေ့ရခြင်းသည်
- ကျား၊မသဘာဝ ကွဲပြားခြင်းနှင့် စည်းကမ်းလိုက်နာမှု၊ လူမှုဆက်ဆံခြင်းတို့နှင့် ဆက်စပ်မှုရှိပါသည်။

# ကောက်နုတ်ချက်များနှင့်ဆွေးနွေးချက်များ (Discussions)

မူကြိုကျောင်းတွင် (၁)နှစ်ကျော် လေ့ကျင့်သင်ကြားမှုရရှိသည့် ကလေးငယ်များသည် လေ့ကျင့်သင်ကြားမှုကာလ (၁)နှစ်မပြည့်သေးသည့် ကလေးငယ်များထက် သိမှုဖွံ့ဖြိုး တိုးတက်မှု သိသိသာသာ ပိုမိုကောင်းမွန်ခြင်းသည် သင်ကြားနာယူမှု အချိန်ကာလနှင့် သိမှုဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများသည် ဆက်စပ်မှုရှိသည်ကို တွေ့ရှိရပါသည်။

# ကောက်နုတ်ချက်များနှင့်ဆွေးနွေးချက်များ (Discussions)

စိတ်လှုပ်ရှားမှုဖွံ့ဖြိုးမှုတွင် ဆရာ၊ ဆရာမချဉ်းကပ်ပြောဆိုမှု၊ မေးမြန်းမှုနှင့် ကျောင်းတွင်ပျော်ရွှင်မှုရှိခြင်းတို့တွင် မြို့ပြမှကလေးငယ်များက အားသာပြီး၊ ပွင့်လင်းလွတ်လပ်စွာပြောဆိုနိုင်ခြင်းတွင် ကျေးလက်ဒေသမှကလေးငယ်များက အားသာပါသည်။ ယောက်ျားလေးနှင့် မိန်းကလေးနှိုင်းယှဉ်မှုတွင် မိန်းကလေးများသည် ယောက်ျားလေးများထက် စိတ်လှုပ်ရှားမှုဖွံ့ဖြိုးမှု ပိုမိုကောင်းမွန်ပါသည်။

# ကောက်နုတ်ချက်များနှင့်ဆွေးနွေးချက်များ (Discussions)

မူကြိုကျောင်းတွင် လေ့ကျင့်သင်ကြားမှုရရှိသည့် ကာလကြာရှည်ခြင်း၊
သင်ကြားမှုအထောက်အကူပြု ပတ်ဝန်းကျင်ပြည့်စုံခြင်းနှင့် ဆက်စပ်မှုရှိသကဲ့သို့
မြို့ပြ၊ကျေးလက်တို့၏ လူနေမှုဘဝပုံစံများ နှင့်လည်း နီးနွယ်မှုရှိကြောင်း
စိစစ်ရပါသည်။

# ကောက်နုတ်ချက်များနှင့်ဆွေးနွေးချက်များ (Discussions)

ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှုတွင် ကျေးလက်ဒေသမှ ကလေးငယ်များသည်

သူငယ်ချင်းများနှင့်ခင်မင်ရင်းနှီးမှုရှိခြင်း၊

ပတ်ဝန်းကျင်နှင့်စုစည်းနေထိုင်မှုကောင်းမွန်ခြင်း တွေ့ရှိချက်များသည်

မြို့ပြနှင့်ကျေးလက်လူနေမှုပတ်ဝန်းကျင်ပုံစံများနှင့် ဆက်စပ်မှုရှိနိုင်ပါသည်။

# ကောက်နုတ်ချက်များနှင့်ဆွေးနွေးချက်များ (Discussions)

ကျောင်းတွင်းရှိ သင်ကြားရေးအထောက်အကူပြု အခြေခံပတ်ဝန်းကျင်ဆိုင်ရာ ပံ့ပိုးမှုများ ကောင်းမွန်ခြင်းသည်လည်း ကလေးငယ်များ၏ လုပ်ဆောင်မှုစွမ်းရည် တိုးတက်ကောင်းမွန်ရန် အထောက်အပံ့ကောင်းဖြစ်သည်ကို တွေ့ရှိရသဖြင့် သင်ကြားရေး အထောက်အကူပြု အခြေခံပတ်ဝန်းကျင်ဆိုင်ရာ ဖြည့်ဆည်းနိုင်မှုသည် မူကြိုအရွယ်ကလေးများ၏ သင်ကြားလေ့ကျင့်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုတွင် အကျိုးသက်ရောက်မှု ဖြစ်စေနိုင်ပါသည်။

# ကောက်နုတ်ချက်များနှင့်ဆွေးနွေးချက်များ (Discussions)

မူကြိုကျောင်းတွင် လေ့ကျင့်သင်ကြားမှုခံယူသောကလေးငယ်များသည် သိမှုဖွံ့ဖြိုးတိုးတက်မှု၊ စိတ်လှုပ်ရှားမှုဖွံ့ဖြိုးမှု၊ စည်းကမ်းလိုက်နာတတ်မှုနှင့် ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးမှု စသည့် လုပ်ဆောင်မှုစွမ်းရည်များ ကောင်းမွန်ခြင်းသည် မူလတန်းပညာဆက်လက် သင်ကြားရေးနှင့် အတတ်ပညာပိုင်းဆိုင်ရာဖွံ့ဖြိုးမှု အခြေခံကောင်းများရရှိစေပါသည်။

# အကြံပြုဆွေးနွေးချက်များ (Recommendations)

- ကလေးငယ်များ မူကြိုကျောင်းတက်မှုနှုန်းမြင့်မားလာစေရန်နှင့် စောစီးစွာ မူကြိုကျောင်းတက်ရောက်ရန် အထူးသဖြင့် အခွင့်အလမ်းနည်းပါးသော ကလေးငယ်များပါမကျန် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဝန်ဆောင်မှုများကို ရရှိလာစေရန် ပြည်သူလူထုအား အသိပညာပေးခြင်းနှင့် စည်းရုံးခြင်းများ တိုးမြှင့်လုပ်ဆောင်သင့်ပါသည်။
- အရည်အသွေးပြည့်ဝသော မူကြိုအရွယ်ကလေးပြုစုပျိုးထောင်ရေးဝန်ဆောင်မှု လုပ်ငန်းများအတွက် အထောက်အကူပြုသည့် ကျွမ်းကျင်လူသားအရင်းအမြစ်များ ဖြည့်ဆည်းခြင်းအား ဒေသအခြေပြုဆောင်ရွက်သင့်ပါသည်။

# အကြံပြုဆွေးနွေးချက်များ (Recommendations)

- မူလတန်းကြိုကျောင်းများ၏ သင်ကြားရေးအထောက်အကူပြုပတ်ဝန်းကျင်ဆိုင်ရာ ပံပိုးမှုများကိုဖြည့်ဆည်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်းတို့ကို ကျေးလက်ဒေသများ အပါအဝင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သင့်ပါသည်။
- ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဝန်ဆောင်မှုရရှိသော ကလေးများအပြင် ဝန်ဆောင်မှုကို လက်လှမ်းမမှီသောကလေးငယ်များအား စီစစ် ခြင်းနှင့် ပံ့ပိုးကူညီရေးအစီအစဉ်များချမှတ်ဆောင်ရွက်သင့်ပါသည်။

# ကျေးဇူးတင်ပါသည်



ALLPPT.com _ Free PowerPoint Templates, Diagrams and Charts